Manulife uab Connect. Create. Change.

# Manulife ချေးငွေကာကွယ် အသက်အာမခံ

သင့် uab ချေးငွေကို ရေတိုတွင်ဖြစ်စေ ရေရှည်တွင်ဖြစ်စေ အပူအပင်ကင်းစွာ ပြန်ဆပ်နိုင်ပါပြီ။



Manulife

# ချေးငွေကာကွယ်အသက်အာမခံ ဆိုတာဘာလဲ

ပြန်ဆပ်ဖို့လိုသေးတဲ့ချေးငွေဟာ ဘယ်လိုအချိန်အခါမျိုးမှာမဆို သင့်မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာနိုင်စေတယ်ဆိုတာကို ကျွန်တော်တို့နားလည်ပါတယ်။ ဒါကြောင့်သင့်ချေးငွေကိုအပြည့်အဝ မပေးချေနိုင်သေးခင်မှာ သင့်အနေဖြင့်အချိန်မသင့်ဘဲ သေဆုံးခြင်း (သို့) ရာသက်ပန် ကိုယ်လက်အင်္ဂါမသန်စွမ်းခြင်း ဖြစ်ပွားခဲ့လျှင် ပရီမီယံအနည်းငယ်သာပေးသွင်းပြီး ချေးငွေပေးဆပ်မှုအပေါ် အပူအပင်ကင်းအောင် ကာကွယ်ပေးမည့် အာမခံအမျိုးအစားနှစ်ခုကို ကျွန်တော်တို့ စီစဉ်ထားပါတယ်။

ထိုအာမခံ အမျိုးအစားနှစ်ခုကတော့

- ပရီမီယံတစ်ကြိမ်ပေးနှစ်တို ချေးငွေကာကွယ်အသက်အာမခံ
- ပရီမီယံတစ်ကြိမ်ပေး ချေးငွေကာကွယ်အသက်အာမခံ တို့ဖြစ်ပါတယ်။

ဖော်ပြပါ ပရီမီယံအနည်းငယ်သာပေးသွင်းရသည့် အာမခံအမျိုးအစားနှစ်ခုသည် အောက်ပါ uab ချေးငွေသုံးစွဲသူများအတွက်သာ အကျုံးဝင်ပါသည်။

- အပေါင်ထားချေးငွေ
- ကိုယ်ပိုင်ချေးငွေ
- လုပ်ငန်းချေးငွေ



Manulife

| | ပေါ်လစီသက်တမ်း | ပရီမီယံနှုန်းထား | အလျော်ပေးသော ပမာဏ | ပေါ်လစီအထူးပြု အကျိုးခံစားခွင့် |
|---|---|---|---|---|
| **ပရီမီယံတစ်ကြိမ်ပေးနှစ်တို ချေးငွေကာကွယ်အသက်အာမခံ**<br>ပရီမီယံတစ်ကြိမ်ပေးနှစ်တိုချေးငွေကာကွယ်အသက်အာမခံတွင်ပုံသေနှင့် အာမခံထားငွေကို တဖြည်းဖြည်းလျော့ကျသည့်အာမခံ ဟူ၍နှစ်မျိုးနှစ်စားရှိသည်။ | ၁ နှစ်မှ ၂ နှစ်အထိ | ကျသင့်ပရီမီယံကို တစ်လုံးတည်း တစ်ကြိမ်တည်းပေးသွင်း | အနည်းဆုံး သိန်းသုံးဆယ် | • အသက်သေဆုံးခြင်း အကျိုးခံစားခွင့်<br>• ရာသက်ပန် ကိုယ်လက်အင်္ဂါ မသန်စွမ်းခြင်း အကျိုးခံစားခွင့် |
| **ပရီမီယံတစ်ကြိမ်ပေး ချေးငွေကာကွယ်အသက်အာမခံ**<br>တဖြည်းဖြည်းလျော့ကျသည့်အာမခံ | ၃ နှစ်မှ ၁၅ နှစ်အထိ | ကျသင့်ပရီမီယံကို တစ်လုံးတည်း တစ်ကြိမ်တည်းပေးသွင်း | အနည်းဆုံး သိန်းသုံးဆယ် | • အသက်သေဆုံးခြင်း<br>• ရာသက်ပန် ကိုယ်လက်အင်္ဂါ မသန်စွမ်းခြင်း<br>• ပြန်ရနိုင်သောငွေတန်ဖိုး<br>(ပေါ်လစီမပြီးဆုံးခင်ချေးငွေကိုအပြည့်ဆပ်နိုင်ခဲ့ပါက ရရှိနိုင်ပါတယ်။) |

# သင်ဘာကြောင့် Manulife ချေးငွေကာကွယ်အသက်အာမခံ ထားသင့်သလဲ ?

### သက်သာသည့် ပရီမီယံနှုန်းထား

ပရီမီယံကြေး အနည်းငယ်သာ သွင်းရခြင်းကြောင့်သင့်ချေးငွေအတွက်အကောင်းဆုံး နှုန်းထားကို ရရှိနိုင်ပါတယ်။

### စိတ်အေးချမ်းသာမှု ရစေခြင်း

သင့်ချေးငွေကြောင့် စိတ်ပူပန်စရာမလိုဘဲ စိတ်အေးလုံခြုံမှုရှိတဲ့ မိသားစုလူမှုဘဝ အဆင့်အတန်း တစ်ရပ်ကို ရရှိပိုင်ဆိုင်စေမှာပါ။

### အခွန်သက်သာ ခံစားခွင့်

ပရီမီယံ ပမာဏအလိုက် မိမိပေးဆောင်ရမယ့် ဝင်ငွေခွန်က သက်သာမှာ ဖြစ်ပါတယ်။

### တစ်ကြိမ်သာ လုပ်ဆောင်ရမည်

အဆိုပြုလွှာ ဖြည့်လိုက်ရုံဖြင့် လုံခြုံမှု ရရှိသွားမှာပါ။

# လေ့လာတွေ့ရှိချက်

## နှစ်တို

### အာမခံထားငွေ တဖြည်းဖြည်းလျော့ကျခြင်း နှင့် ပုံသေအာမခံ


ဦးသက်နိုင်အောင် (အသက် ၃၀) ဟာ သူရဲ့ဘဏ်ချေးငွေ သိန်း ၁၀၀ ကျပ်နဲ့အတိုးနှုန်းကို ၂ နှစ် အာမခံရနိုင်ဖို့ နည်းလမ်းရှာဖွေခဲ့ရာ Manulife ဆီသို့ရောက်ရှိလာခဲ့တယ်။ သူကပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေ အသက်အာမခံမှ ပုံသေနှင့်အာမခံထားငွေကိုတဖြည်းဖြည်းလျော့ကျသည့် အာမခံ ၂ ခုထဲကနေ တစ်ခု ရွေးချယ်ခွင့်ရခဲ့ပါတယ်။

အာမခံထားငွေ တဖြည်းဖြည်းလျော့ကျသည့် အမျိုးအစားကိုရွေးချယ်ပါက ပရီမီယံ တစ်ကြိမ်ပေးသွင်းငွေ ၁၀၇,၀၀၀ ကျပ်ကို ပေးသွင်းရမှာဖြစ်ပြီး ပုံသေအမျိုးအစားကိုရွေးချယ်ပါက ပရီမီယံ တစ်ကြိမ်ပေးသွင်းငွေ ၁၆၁,၀၀၀ ကျပ်ကို ပေးသွင်းရမှာဖြစ်ပါတယ်။

ပေါ်လစီသက်တမ်းအတွင်း အသက်သေဆုံးခြင်း (သို့) ရာသက်ပန်ကိုယ်လက်အင်္ဂါမသန်စွမ်းခြင်း ဖြစ်ပွားခဲ့ရင် Manulife က ပေါ်လစီတွင်ဖော်ပြထားသည့် အကျိုးခံစားခွင့် ပမာဏအတိုင်း ဘဏ်ကိုထုတ်ပေးမှာဖြစ်တဲ့အတွက် သူ့မိသားစုက ချေးငွေပြန်ဆပ်ရမယ့် ဝန်ထုပ်ဝန်ပိုး ကင်းရှင်းသွားမှာဖြစ်ပါတယ်။

## ပေါ်လစီသက်တမ်း

### ချေးငွေသက်တမ်း ၂ နှစ်



Manulife

# လေ့လာတွေ့ရှိချက်

## နှစ်ရှည်

### အာမခံထားငွေ တဖြည်းဖြည်းလျော့ကျခြင်း


အသက် ၃၀ အရွယ် ဦးသက်နိုင်အောင်က သူ့ရဲ့ငွေကြေးပမာဏများတဲ့ချေးငွေ သိန်း ၁,၀၀၀ ကို ပရီမီယံ တစ်ကြိမ်ပေး ချေးငွေကာကွယ်အသက်အာမခံ – တဖြည်းဖြည်းလျော့ကျသည့်အာမခံနှင့် ၅ နှစ် အာမခံ ထားမယ်ဆိုပါတော့။

ပရီမီယံတစ်ကြိမ်ပေးသွင်းငွေ ၁,၈၃၀,၀၀၀ ကျပ်ကို ပေးသွင်းလိုက်ခြင်းအားဖြင့် သူ့အပေါ်တစ်စုံတစ်ရာ ဖြစ်ပွားခဲ့ရင်လည်း သူ့မိသားစုကချေးငွေပြန်ဆပ်ဖို့ဝန်ထုပ်ဝန်ပိုးဖြစ်မှာ မဟုတ်မှန်းသိတဲ့အတွက် သူစိုးရိမ် ပူပန်မနေတော့ပါဘူး။

အာမခံသက်တမ်းအတွင်း သေဆုံးခြင်း (သို့မဟုတ်) ကိုယ်လက်အင်္ဂါမသန်စွမ်းဖြစ်ခြင်းတို့ ဖြစ်ပေါ်ခဲ့သော် Manulife မှ ပေါ်လစီတွင်ဖော်ပြထားသည့်အကျိုးခံစားခွင့် ပမာဏအတိုင်း ဘဏ်ကိုထုတ်ပေးပါမည်။

## ပေါ်လစီသက်တမ်း

### ချေးငွေသက်တမ်း ၅ နှစ်



Manulife

# မေးလေ့မေးထရှိသော မေးခွန်းများ

### ဘယ်အရွယ်ကစပြီးတော့ ဘယ်အရွယ်အထိ Manulife ချေးငွေကာကွယ်အသက်အာမခံထားခွင့်ရှိလဲ ?

အာမခံထားရှိသူက အာမခံဝယ်ယူချိန်မှာ အနည်းဆုံးအသက် ၁၈နှစ်ပြည့်ရမှာဖြစ်ပြီး အသက် ၆၅ (အာမခံသက်တမ်းမပါ) ထက်ကြီးလို့မရပါ။

### အနည်းဆုံးငွေပမာဏ ဘယ်လောက်ကစပြီး အာမခံထားလို့ရလဲ?

အနည်းဆုံး သိန်း ၃၀ ကစပြီး အာမခံထားရှိနိုင်ပါတယ်။

### ငွေချေးသူအတွက် Manulife ချေးငွေကာကွယ်အသက်အာမခံက ဘယ်လိုအကျိုးခံစားခွင့်တွေပေးမလဲ?

အာမခံထားသူက အသက်သေဆုံးခြင်း (သို့) ရာသက်ပန်ကိုယ်လက်အင်္ဂါမသန်စွမ်းခြင်းဖြစ်ပွားခဲ့သည် ရှိသော် ပေါ်လစီရဲ့အကျိုးခံစားခွင့်စာရင်းမှာဖော်ပြထားတဲ့အတိုင်းငွေပမာဏရဲ့ ၁၀၀% ကို အလျော်ရမှာဖြစ်ပါတယ်။ ပြန်ဆပ်ဖို့လိုသေးတဲ့ချေးငွေထက် ပိုတဲ့ငွေပမာဏတိုင်းက အာမခံအကျိုးခံစားခွင့်ရှိသူ (သို့) အသက်အာမခံထားရှိသူကိုပေးအပ်သွားမှာ ဖြစ်ပါတယ်။

### Manulife ချေးငွေကာကွယ်အသက်အာမခံရဲ့ ပရီမီယံငွေပေးချေမှုအစီအစဉ်က ဘာတွေလဲ?

Manulife ချေးငွေကာကွယ်အသက်အာမခံအတွက် ပရီမီယံငွေပေးချေမှုကို ပေါ်လစီစာချုပ်ချုပ်ဆိုလိုက်တာနဲ့ ပရီမီယံကြေးတစ်ကြိမ်သာပေးသွင်းဖို့လိုပါတယ်။

### ပေါ်လစီကဘယ်အချိန်ကုန်ဆုံးမှာလဲ?

ပေါ်လစီကုန်ဆုံးချိန်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(က) သင့်ဆီက ပေါ်လစီကိုရပ်တန့်ဖို့အကြောင်းကြားစာကို ကျွန်တော်တို့လက်ခံရရှိချိန်
(ခ) အာမခံထားသူ အသက်သေဆုံးချိန် (သို့) ရာသက်ပန်ကိုယ်လက်အင်္ဂါမသန်စွမ်းခြင်း အကျိုးခံစားခွင့်နဲ့ကိုက်ညီတဲ့ အခြေအနေဖြစ်ပွားချိန်
(ဂ) ပေါ်လစီသက်တမ်းကုန်ဆုံးချိန်

### ပေးချေရမယ့်အချိန်မှာ အာမခံအကျိုးခံစားခွင့်ငွေပမာဏက ချေးငွေပမာဏထက်များနေရင် ဘယ်လိုဆောင်ရွက်ပေးမှာလဲ?

အာမခံအကျိုးခံစားခွင့် ငွေပမာဏက ချေးငွေပမာဏထက်များနေရင် ချေးငွေထက်ပိုနေသည့် ပမာဏကို အကျိုးခံစားခွင့်ရှိသူ (သို့မဟုတ်) အသက်အာမခံထားရှိသူအား ပေးအပ်သွားမှာဖြစ်ပါတယ်။






# ဒီနေ့ပဲ သင့်ဘဝအတွက် အာမခံချက် ရယူလိုက်ပါ။

မြန်မာနိုင်ငံသားတွေရဲ့ဘဝတိုးတက်ပြောင်းလဲအောင် လုပ်ဆောင်ဖို့၊ အရင်နဲ့မတူညီတဲ့ ပုံစံမျိုးနဲ့သင့်ကို ကာကွယ်ပေးဖို့ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုတွေကို ပြန်လည်ရေးဆွဲဖို့ Manulife ရောက်ရှိနေပါပြီ။ ဘာကြောင့်လဲဆိုတော့ သင့်မိသားစုက အဖိုးထိုက်တန်ပြီး အကာအကွယ်ပေးသင့်လို့ပဲ ဖြစ်ပါတယ်။

အသက်အာမခံအတွက် Manulife ကိုရွေးချယ်ပါ။ ကျွန်တော်တို့ရဲ့အာမခံဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နဲ့ ဆွေးနွေးပါ။

Manulife

# ကျွန်တော်တို့အကြောင်း

## မြန်မာနိုင်ငံအတွက် အာမခံလုပ်ငန်း

သင့်မိသားစု အေးချမ်းစွာနေနိုင်ဖို့နဲ့ သူတို့ဘဝနောင်ရေးက သင့်အတွက်အရေးအကြီးဆုံးဆိုတာ ကျွန်တော်တို့နားလည်ထားပါတယ်။ အကောင်းဆုံးသော မိသားစုဘဝတွေကို ပိုင်ဆိုင်ဖို့ရာအတွက် သင်အတတ်နိုင်ဆုံးကြိုးစားနေမယ်ဆိုတာကိုလည်း သိပါတယ်။ သူတို့အနာဂတ်နောင်ရေးကို တာဝန်ယူဖို့ အလုပ်များနေတဲ့အချိန်မှာ ဘဝရဲ့အခြေအနေတိုင်းအတွက်ငွေကြေးဆိုင်ရာ အကာအကွယ်ပေးနိုင်ဖို့ သင့်ကိုယ်စားကျွန်တော်တို့ရှိပါတယ်။

Manulife က မြန်မာနိုင်ငံမိသားစုတွေအတွက် ပိုပြီးကောင်းမွန်တဲ့ အနာဂတ်ကိုပိုင်ဆိုင်နိုင်ဖို့ အသင့်လျော်ဆုံး အာမခံနှင့် ငွေကြေးဆိုင်ရာ အကြံပြုချက်တွေကို ဝန်ဆောင်မှုပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ။

ဘာကြောင့်လဲဆိုတော့ လူသားတိုင်းရဲ့ဘဝက တန်ဖိုးရှိပြီး အကာအကွယ်ပေးသင့်လို့ဖြစ်ပါတယ်။

## မြန်မာနိုင်ငံသားတွေကို အကာအကွယ်ပေးနေမယ့် Manulife

မြန်မာနိုင်ငံက အိမ်ထောင်ဦးစီးတစ်ယောက် အတွက် မိသားစုဟာ ပထမဦးစားပေးဖြစ်သလို Manulife က လည်း သင့်သဘောထားနဲ့ တစ်သားတည်းရှိပါတယ်။ Manulife ဟာအဖိုးတန်တဲ့ မြန်မာပြည်သူတွေရဲ့ ဘဝတွေကို သာလွန်ကောင်းမွန်ပြီး လုံခြုံစိတ်ချရတဲ့ အခြေအနေရောက်ရှိဖို့ မှန်ကန်တဲ့ ငွေကြေးဆိုင်ရာဆုံးဖြတ်ချက်တွေချမှတ်ရာမှာ အကူအညီပေးဖို့ အဆင်သင့်ရှိနေပါတယ်။

## ငွေကြေးဆိုင်ရာ ဖြေရှင်းမှုများ

မိသားစုကို နံပါတ်တစ် ဦးစားပေးခြင်းဆိုတာ အဓိက အားဖြင့် သူတို့ရဲ့အနာဂတ်ကို စိတ်ချလုံခြုံစေဖို့အာမခံအစီအစဉ်ထားပေးခြင်းဖြစ်ပါတယ်။ အဖိုးတန်တဲ့ သင့်မိသားစု၊ သင့်ပိုင်ဆိုင်မှုများနဲ့ သင့်အနာဂါတ်လုံခြုံစိတ်ချနိုင်ဖို့ရှင်းလင်းလွယ်ကူတဲ့ အာမခံအစီအစဉ်တွေ ကျွန်တော်တို့ဆီမှာ ရေးဆွဲထားပါတယ်။

Manulife

# ကျွန်တော်တို့ရဲ့ မှတ်တိုင်များ

မိသားစုများအား ရာစုနှစ်တစ်ခုကျော် အကာအကွယ်ပေးခြင်း

မိသားစုကို ရှေ့တန်းတင်ခြင်းက ကျွန်တော်တို့ရဲ့နံပါတ်တစ် ဦးစားပေး ဖြစ်ပါတယ်။ (၇၇)နှစ်ကြာပြီးနောက် မြန်မာ နိုင်ငံသားတွေ ရဲ့အနာဂတ်အတွက် မှန်ကန်တဲ့ငွေကြေး ဆိုင်ရာ ဆုံးဖြတ်ချက်တွေချရာမှာ ကူညီပေးနိုင်တဲ့ လုပ်ငန်း တွေ ဆက်လက် လုပ်ဆောင်ဖို့ ပြန်လည်ရောက်ရှိလာရတာ အရမ်းဂုဏ်ယူမိပါတယ်။

**1887**
ဇွန်လ ၂၃ ရက်နေ့
ကနေဒါနိုင်ငံတွင် စတင်ခဲ့

**130**
နှစ်ပေါင်း ၁၃၀ ရှိခဲ့

**No. 1**
ကနေဒါနိုင်ငံရဲ့ အကြီးဆုံး
အသက်အာမခံအဖွဲ့အစည်း

ကနေဒါနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်
John A Macdonald မှ တည်ထောင်ခဲ့

**1897**
အာရှသို့ ချဲ့ထွင်ခဲ့

**23**
ကမ္ဘာနဲ့အဝန်း ၂၃ နိုင်ငံမှာ
လုပ်ငန်းလုပ်ဆောင်နေ

**1903**
မြန်မာနိုင်ငံတွင်
Manulife စတင်ခဲ့

**1942**
ဒုတိယကမ္ဘာစစ်ကြောင့် မြန်မာနိုင်ငံအတွင်း
လုပ်ငန်းစဉ်များရပ်ဆိုင်းခဲ့ရ

**2019**
မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

Manulife


+95 9 765467100

Manulife Myanmar Life Insurance Company Limited
အမှတ် ၁၁၊ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်၊
၁၆ လွှာ၊ ကန်သာယာရုံးခန်းတာဝါ၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်၊ မြန်မာ။

Customer_Service_MM@manulife.com

www.manulife.com.mm

Manulife Myanmar